**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

စာအမှတ်၊ ၃ / စု -၄၀ / ၂၀၂၂ (လထန)

ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

**အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းများနှင့် စပ်လျဉ်းသည့် ကြေညာချက်**

၁။ **"အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ"**ကို ၅-၁-၂၀၁၆ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၆ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

၂။ အဆိုပါ ဥပဒေအရ ခုံသမာဓိခန့်ထားခြင်း၊ သက်ဆိုင်ရာဒေသ စီရင်ပိုင်ခွင့်ရှိ တရားရုံးသို့ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက် (Foreign Arbitral Award)၊ ပြည်တွင်းအနုညာတဆုံးဖြတ်ချက် (Domestic Arbitral Award)၊ အနုညာတစီရင် ဆုံးဖြတ်ခြင်း (Arbitration) မှ ပေါ်ပေါက်လာသောလျှောက်ထားမှုများ၊ ကြားဖြတ်အမိန့်များ၊ အမိန့်များလျှောက်ထားခြင်းတို့အတွက် **"အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"** ကို ၃၁-၇-၂၀၁၈ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၆၄၃/၂၀၁၈ ဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။

၃။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **"ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန်လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"**ကို ၁၉-၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၂၂ ဖြင့် လည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ညွှန်ကြားရေးမှူးအား အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) အရ အနုညာတသဘောတူညီချက် သို့မဟုတ် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်သည် စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးစေရန် သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း

ထောက်ခံရန်အခွင့်ရ အရာရှိအဖြစ် ၁၉-၁-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၄၃/၂၀၂၁ ဖြင့် ခန့်ထားပြီး ဖြစ်ပါသည်။

**တရားရုံးသို့လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ**

၄။ **ပြည်တွင်းအနုညာတဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သည့် (Domestic Arbitral Award)**များနှင့်စပ်လျဉ်း၍ နယူးယောက်ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံတွင် အတည်ပြုဆောင်ရွက်မည်ဆိုပါက အနုညာတသဘောတူညီချက် (Arbitration Agreement) သို့မဟုတ် ပြည်တွင်းအနုညာတဆုံးဖြတ်ချက် (Domestic Arbitral Award) သည် စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးခြင်း (Authentication) သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံချက် (Certification) ပါရှိရမည်ဖြစ်ပါသည်။

၅။ အလားတူ **ပြည်တွင်းအနုညာတဆုံးဖြတ်ချက် (Domestic Arbitral Award)၊ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်း (Domestic Arbitration) မှ ပေါ်ပေါက်လာသည့် ကြားဖြတ်အမိန့်များ၊ အမိန့်များ** နှင့်စပ်လျဉ်း၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အတွင်းရှိတရားရုံးများတွင် လျှောက်ထားမည်ဆိုပါက အဆိုပါ အမိန့်များ စစ်မှန်ကြောင်းသက်သေခံလက်မှတ်ရေးထိုးခြင်း (Authentication) သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်းထောက်ခံချက် (Certification) ပါရှိရမည်ဖြစ်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားခြင်း**

၆။ အထက်အပိုဒ်(၄) နှင့် (၅) ပါဆောင်ရွက်ရန်ကိစ္စများအတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုတရားသူကြီးချုပ်မှ ၁၉-၁-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၁ ဖြင့် ခန့်ထားသော အခွင့်ရအရာရှိဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ညွှန်ကြားရေးမှူးထံ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့်စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နောက်ဆက်တွဲ (က) ပါ လျှောက်လွှာပုံစံတွင်

ဖြည့်စွက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မိတ္တူကူးကောင်တာတွင် ကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။

၈။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ၊ ပုဒ်မ ၅၀ ပုဒ်မခွဲ (က) အရ ခန့်ထားသည့် အခွင့်ရအရာရှိသည် လျှောက်လွှာလက်ခံရရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားသော **"ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန်လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"** အရ သတ်မှတ်ထားသောနည်းလမ်း၊ အခကြေးငွေများအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ လျှောက်ထားရမည့်လျှောက်လွှာပုံစံကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ် www.unionsupremecourt.gov.mm တွင် ရယူနိုင်ပါသည်။

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသော အနုညာတဖြေရှင်းရေးဗဟိုဌာန၊ အနုညာတဖြေရှင်းရေး အဖွဲ့များအနေဖြင့် ၎င်းတို့၏အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ထိန်းသိမ်းထားရှိနိုင်ရန်အတွက် မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံနှင့်တကွ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ ပေးပို့ရန်ဖြစ်ပါကြောင်း အသိပေးကြေညာပါသည်။

အမိန့်အရ

(တင်နွယ်စိုး)

ညွှန်ကြားရေးမှူးချုပ်